# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ကယားပြည်နယ်လွှတ်တော်

# တောင်သူလယ်သမားများ၏စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့်စုငွေဥပဒေ

( ၂၀၂၀ ပြည့်နှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂၀။ )

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၂ ရက်

# တောင်သူလယ်သမားများ၏စိုက်ပျိုးရေးဆိုင်ရာချေးငွေနှင့်စုငွေဥပဒေ

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း (၁) | အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက် | ၁ |
| ၂။ | အခန်း (၂) | ရည်ရွယ်ချက် | ၇ |
| ၃။ | အခန်း (၃) | ကော်မတီဖွဲ့စည်းခြင်း | ၉ |
| ၄။ | အခန်း (၄) | စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း | ၁၅ |
| ၅။ | အခန်း (၅) | တောင်သူလယ်သမားများ၏ အခွင့်အရေးနှင့်တာဝန်များ | ၁၉ |
| ၆။ | အခန်း (၆) | ချေးငွေ၊ စုငွေနှင့်စပ်လျဉ်း၍ အငြင်းပွားခြင်းနှင့်ဖြေရှင်းခြင်း | ၂၄ |
| ၇။ | အခန်း (၇) | ပြည်နယ်စိုက်ပျိုးရေးရန်ပုံငွေ သို့မဟုတ် ဘဏ္ဍာရေး | ၂၆ |
| ၈။ | အခန်း (၈) | အာမခံခြင်းနှင့်တာဝန်ခံခြင်း | ၃၀ |
| ၉။ | အခန်း (၉) | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၃၁ |
| ၁၀။ | အခန်း (၁၀) | ပြစ်မှု၊ ပြစ်ဒဏ် | ၃၃ |
| ၁၁။ | အခန်း (၁၁) | စာရင်းစစ်ဆေးခြင်း | ၃၃ |
| ၁၂။ | အခန်း (၁၂) | အထွေထွေ | ၃၄ |



# တောင်သူလယ်သမားများ၏စိုက်ပျိုးရေးဆိုင်ရာချေးငွေနှင့်စုငွေဥပဒေ


( ၂၀၂၀ ပြည့်နှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂၀။ )

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

( ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၂ ရက် )

ကယားပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ ပြည်နယ်မှဥပဒေပြုပြဋ္ဌာန်းခွင့်ရှိသည့် ဇယား ၂၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (ဃ)တွင် ဖော်ပြချက်နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ ဤဥပဒေကို **တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့်စုငွေဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ ကယားပြည်နယ် အစိုးရအဖွဲ့ကို ဆိုသည်။

( ခ ) **ပြည်နယ်ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကယားပြည်နယ်စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့် စုငွေကော်မတီကို ဆိုသည်။

( ဂ ) **ကော်မတီ** ဆိုသည်မှာ ပြည်နယ်ကော်မတီအပါအဝင် ဤဥပဒေအရ ဖွဲ့စည်းထားသော စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့်စုငွေကော်မတီအဆင့်ဆင့်ကို ဆိုသည်။

(ဃ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ရွေးချယ်တင်မြှောက်၍ ဖွဲ့စည်းသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့်စုငွေ လုပ်ငန်းအဖွဲ့ကို ဆိုသည်။

( င ) **တောင်သူလယ်သမား** ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့်ကိုက်ညီသူကို ဆိုသည်-

(၁) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ၊



(၂) ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊

(၃) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကိုအသုံးပြု၍သော်လည်းကောင်း၊ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများစိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီးမတည်စိုက်ထုတ်၍ လုပ်ငန်း လုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင် လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

(၄) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ မြေကိုအသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကိုအသုံးပြု၍ သော်လည်းကောင်း၊ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များကိုယ်တိုင်ထုတ်လုပ်ရောင်းချသူ။

(စ) **သွင်းအားစု** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အချိန်အထိ ကုန်ကျစရိတ်များ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစုလုပ်အားများအားလုံးကို ဆိုသည်။

(ဆ) **လယ်ယာကုန်ထုတ်အရင်းအနှီး** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အချိန်အထိ ရင်းနှီးမြှုပ်နှံထားရသည့် သွင်းအားစုများ အပါအဝင် လယ်ယာမြေများ၊ ပြုစုကန်များ၊ ငါးမွေးကန်များ၊ မွေးမြူရေးခြံများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် အသုံးချပစ္စည်းကိရိယာများ အားလုံးကို ဆိုသည်။



(ဇ) **စိုက်ပျိုးရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံတော်ကဖြစ်စေ၊ သမဝါယမ ကဖြစ်စေ၊ ပုဂ္ဂလိက ကဖြစ်စေ၊ ယင်းတို့အချင်းချင်းဖက်စပ်၍ဖြစ်စေ လုပ်ကိုင်သော အောက်ပါလုပ်ငန်းများပါဝင်သည်-

(၁) လယ်ယာသီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ပျိုးရေးလုပ်ငန်း၊

(၂) ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်း၊

(၃) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးရေးလုပ်ငန်း၊

(၄) သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေးလုပ်ငန်း၊

(၅) ဆည်မြောင်း၊ တာတမံနှင့်မြေယာပြုပြင်ရေးလုပ်ငန်း၊

(၆) အဆိုပါလုပ်ငန်းများအတွက် လိုအပ်သော သွင်းအားစုများ၊ စက်၊ ပစ္စည်း၊ ကိရိယာများ သိုလှောင်ခြင်း၊ ဖြန့်ဖြူး ရောင်းဝယ်ခြင်း လုပ်ငန်းများ၊

(၇) အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်သော ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းဝယ်ခြင်းလုပ်ငန်းများ။

(ဈ) **ချေးငွေ** ဆိုသည်မှာ ဤဥပဒေအရ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် သတ်မှတ်ထားသည့် ချေးငွေကို ဆိုသည်။

(ည) **စုငွေ** ဆိုသည်မှာ ဤဥပဒေအရ တောင်သူလယ်သမားများက စုဆောင်းသောငွေကို ဆိုသည်။

(ဋ) **သီးသန့်အပ်ငွေ** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လူပုဂ္ဂိုလ်ကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ သတ်မှတ်နည်းလမ်းနှင့်အညီ သက်ဆိုင်ရာမြို့နယ်ကော်မတီသို့ အပ်နှံသည့် သီးသန့်အပ်ငွေကို ဆိုသည်။

(ဌ) **အတိုးရငွေ** ဆိုသည်မှာ ထုတ်ချေးငွေအပေါ် သတ်မှတ်နှုန်းထားနှင့်အညီ ကျသင့်သည့် အတိုးကောက်ခံရငွေကို ဆိုသည်။

(ဍ) **အတိုးပေးငွေ** ဆိုသည်မှာ စုဆောင်းငွေအပေါ်တွင်လည်းကောင်း၊ သီးသန့်အပ်ငွေအပေါ်တွင်လည်းကောင်း၊ သတ်မှတ်နှုန်းထားနှင့်အညီ အကျိုးခံစားခွင့်ပြုငွေကို ဆိုသည်။

(ဎ) **အမြတ်ငွေ** ဆိုသည်မှာ အတိုးပေးငွေနှင့် အသုံးစရိတ်ထက်ပိုသောဝင်ငွေ သို့မဟုတ် အသားတင်ကျန်ငွေဖြစ်၍ အကျိုးခံစားခွင့်ရှိသောငွေကြေးကို ဆိုသည်။



(ဏ) **ပြည်နယ်ဝန်ကြီး** ဆိုသည်မှာ စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် ပြည်နယ်ဝန်ကြီးကို ဆိုသည်။

(တ) **ဝန်ကြီးဌာန** ဆိုသည်မှာ စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် ပြည်နယ်ဝန်ကြီးဌာနကို ဆိုသည်။

(ထ) **ဦးစီးဌာန** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာနကို ဆိုသည်။

(ဒ) **လုပ်ငန်းဝန်ထမ်း** ဆိုသည်မှာ စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့်စုငွေလုပ်ငန်း လိုအပ်ချက်အရ ပြည်နယ်ကော်မတီမှ သီးသန့်ခန့်အပ်သော လုပ်ငန်းဝန်ထမ်းကို ဆိုသည်။

(ဓ) **ဘဏ္ဍာရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ဘဏ္ဍာရေးအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လူနေမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်၊

(ခ) နှစ်စဉ် တောင်သူလယ်သမားများ၏စိုက်ပျိုးရေးလုပ်ငန်းရှိ သွင်းအားစုများကို အထောက်အကူပြုစေရန်၊

( ဂ ) တောင်သူလယ်သမားတိုင်း နှစ်စဉ်စိုက်ပျိုးရေးအတွက် ချေးငွေနှင့်စုငွေတွင် တန်းတူအခွင့်အလမ်းရရှိစေရန်၊

(ဃ) ပြည်နယ်၏စိုက်ပျိုးရေးအခန်းကဏ္ဍနှင့် သီးနှံကုန်ထုတ်လုပ်မှုအား ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်၊

( င ) တောင်သူလယ်သမားများမှ နှစ်စဉ်စိုက်ပျိုးရေးလုပ်ငန်းတွင် ကြုံတွေ့လျက်ရှိသောအခက်အခဲနှင့် ပြဿနာများကို လျော့ပါးစေရန်၊

( စ ) ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရှည်တည်တံ့သောရန်ပုံငွေထားရှိနိုင်ရန်နှင့်ပွင့်လင်းမြင်သာမှုရှိစေရန်၊

(ဆ) တောင်သူလယ်သမားများအပေါ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ငွေကြေးဆိုင်ရာလက်ဝါးကြီးအုပ်စိုးမှု၊ ခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးစားမှုများမှကာကွယ်ရန်၊

( ဇ ) တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် လိုအပ်ချက်ဖြစ်သော ငွေကြေးအရင်းအမြစ်များဆိုင်ရာ အခွင့်အလမ်းများရရှိလာစေရန်၊



( ဈ) တောင်သူလယ်သမားများအား ငွေစုဆောင်းစေခြင်းဖြင့် အရင်းအနှီးရရှိစေရန်၊

(ည) တောင်သူလယ်သမားများအချင်းချင်း အပြန်အလှန် အမှီသဟဲပြုနိုင်ခြင်း၊ ရိုင်းပင်းကူညီခြင်းဖြင့် ယင်းတို့၏ လူနေမှုဘဝမြှင့်တင်တတ်လာစေရန်။

**အခန်း (၃)**

**ကော်မတီဖွဲ့စည်းခြင်း**

၄။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ပြည်နယ်ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့်ဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ပြည်နယ်ဝန်ကြီး၊ ဘဏ္ဍာရေးနှင့်သက်ဆိုင်သည့်ဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး — အဖွဲ့ဝင်

(၄) ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(၅) ငွေကြေးအဖွဲ့အစည်း ကိုယ်စားလှယ် (၂)ဦး — အဖွဲ့ဝင်

(၆) အရပ်ဖက်လူမှုအသင်းအဖွဲ့ ကိုယ်စားလှယ် (၂)ဦး — အဖွဲ့ဝင်

(၇) အမျိုးသမီးကိုယ်စားလှယ် (၂)ဦး — အဖွဲ့ဝင်

(၈) တစ်မြို့နယ်လျှင် တစ်ဦးကျစီ သက်ဆိုင်ရာမြို့နယ်ရှိလုပ်ငန်းအဖွဲ့ အသီးသီးမှရွေးချယ်တင်မြှောက်သည့် တောင်သူလယ်သမားကိုယ်စားလှယ် (၇) ဦး၊ — အဖွဲ့ဝင်

(၉) ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်သမဝါယမဦးစီးဌာန — အဖွဲ့ဝင်

(၁၀) ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန — အဖွဲ့ဝင်



(၁၁) ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန — အတွင်းရေးမှူး

(၁၂) ပြည်နယ်မန်နေဂျာ၊ ပြည်နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ် — တွဲဖက်အတွင်းရေးမှူး

( ခ ) ပြည်နယ်အစိုးရအဖွဲ့သည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလုပ်ငန်းအဖွဲ့ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများရှိ တောင်သူလယ်သမားများက ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်သည့် စနစ်ဖြင့်ကျင့်သုံး၍ ဖွဲ့စည်းရမည်။ လုပ်ငန်းအဖွဲ့တွင်ပါဝင်သူသည် စုငွေစုဆောင်းရမည်။

(၂) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)အရ ဖွဲ့စည်းပြီးမြှောက်သည့်အခါတွင် ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၈)ပါအရ ပြည်နယ်ကော်မတီဝင် (၇)ဦးအတွက် မြို့နယ်အလိုက်လုပ်ငန်းအဖွဲ့များ၏ ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးချယ်တင်မြှောက်ပေးသည့်အပေါ် အတည်ပြုပေးရမည်။

( ဂ ) ကော်မတီ၏သက်တမ်းသည် ပြည်နယ်အစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ပြည်နယ်ကော်မတီသည်-

(က) ခရိုင်ကော်မတီများ၊ မြို့နယ်ကော်မတီများကို ပြည်နယ်ဝန်ကြီးများမှအပ ပုဒ်မ ၄၊ ပုဒ်မခွဲ (က)ပါ ဌာနဆိုင်ရာများ၊ ကိုယ်စားလှယ်များဖြင့်ဦးရေကို သင့်တော်သလို ဖွဲ့စည်း၍ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

( ခ ) ကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့်ဘဏ္ဍာရေးအဖွဲ့ကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ အဆုံးအဖြတ်ပေးခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်။

( ဂ ) ငွေစာရင်းရှင်းတမ်းများကို ပုံမှန်စစ်ဆေးခြင်းပြုရမည်။

(ဃ) စိုက်ပျိုးရေးနည်းပညာဆိုင်ရာ သင်တန်းများပေးနိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ တောင်သူလယ်သမားများက တင်ပြတောင်းခံလာသည့်အခါ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငွေကြေးအကူအညီပေးရန်တာဝန်ရှိသည်။



( င ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို ပြည်သူလူထုများ သိရှိနားလည်စေရန် လိုအပ်သလိုစီမံဆောင်ရွက်ရမည်။

( စ ) စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့်စုငွေလုပ်ငန်းစဉ်အား မှတ်တမ်းတင်ခြင်း၊ စောင့်ကြည့်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့်အစီရင်ခံခြင်းများ ပြုလုပ်ရမည်။

(ဆ) စိုက်ပျိုးရေးဆိုင်ရာချေးငွေ၊ စုငွေနှင့်ပတ်သက်၍ သင့်လျော်သော အတိုးနှုန်းများ သတ်မှတ်ခြင်းနှင့် တောင်သူလယ်သမားများ တန်းတူညီမျှမှုရှိအောင် အလေးထားဆောင်ရွက်ရမည်။

( ဇ ) တောင်သူလယ်သမားများမှ စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့်စုငွေလုပ်ငန်းအား ရှင်းလင်းလွယ်ကူစွာ အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

( ဈ) လုပ်ငန်းအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၆။ ပြည်နယ်ကော်မတီသည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များ ပြည့်မီစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ လူမှုအသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

( ခ ) စိုက်ပျိုးရေးဆိုင်ရာ ချေးငွေ၊ စုငွေနှင့်စပ်လျဉ်း၍ လိုအပ်သောလုပ်ငန်းစဉ်များကို ကော်မတီ၏အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

( ဂ ) ဤဥပဒေအရ ဆောင်ရွက်သော အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲနိုင်ရေးကိစ္စအဝဝအတွက်လိုအပ်ပါက-

(၁) အဖွဲ့များ၊ ကော်မတီခွဲများဖွဲ့စည်းခြင်း၊

(၂) ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ရုံးဌာနများဖွင့်လှစ်ခြင်းပြုနိုင်သည်။

(ဃ) မြန်မာ့စီးပွားရေးဘဏ်တွင် တောင်သူလယ်သမားများ၏စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့်စုငွေ ဘဏ်စာရင်း ဖွင့်လှစ်ထားရှိရမည့်အပြင် လိုအပ်ပါက မြို့နယ်ကော်မတီအလိုက် ဖွင့်လှစ်ခွင့်ပြုနိုင်သည်။



## အခန်း (၄)

## စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း

၇။ အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် သတ်မှတ်နည်းလမ်းနှင့်အညီ လုပ်ငန်းအဖွဲ့မှတစ်ဆင့် မြို့နယ်ကော်မတီသို့ ချေးငွေများ လျှောက်ထားနိုင်သည်-

(က) စိုက်ပျိုးရေးလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်လျက်ရှိသည့် တောင်သူလယ်သမား တစ်ဦးချင်းဖြစ်စေ သို့မဟုတ် အဖွဲ့လိုက်ဖြစ်စေ၊

( ခ ) ပြည်နယ်ကော်မတီမှ ထုတ်ပြန်သည့် လမ်းညွှန်ချက်နှင့် ကိုက်ညီသည့်အပြင် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေပြီး လယ်ယာကုန်ထုတ်အရင်းအနှီးကို လိုအပ်သည့်ပုဂ္ဂလိကများနှင့်အဖွဲ့အစည်းများ။

၈။ (က) မြို့နယ်ကော်မတီသည် ပုဒ်မ ၇ အရ လက်ခံရရှိသော ချေးငွေလျှောက်လွှာများကိုစိစစ်၍ ခရိုင်ကော်မတီသို့ တင်ပြရမည်။

( ခ ) မြို့နယ်ကော်မတီ၏ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် သီးသန့်အပ်ငွေမှ ထုတ်ချေးလျှင် ပြည်နယ်ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ချေးငွေများကို ထုတ်ချေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းများပြုနိုင်သည်။

၉။ ခရိုင်ကော်မတီသည် မြို့နယ်ကော်မတီက တင်ပြလာသည့် ထုတ်ချေးမည့် ချေးငွေစာရင်းလက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ချေးငွေကိုချေးယူသည့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီလုပ်ဆောင်နိုင်ရေးအတွက် ပြည်နယ်ကော်မတီနှင့်ဘဏ္ဍာရေးအဖွဲ့ထံ ဆောလျင်စွာတင်ပြရမည်။

၁၀။ ပြည်နယ်ကော်မတီသည် ခရိုင်ကော်မတီက တင်ပြလာသည့် ချေးငွေပမာဏအား အချိုးကျခွဲဝေသတ်မှတ်၍-

(က) တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် အချိန်မီချေးယူခွင့်ပြုရမည်။

( ခ ) ပြည်နယ်စိုက်ပျိုးရေးရန်ပုံငွေတွင် မလုံလောက်ပါက ပြည်နယ်ဝန်ကြီးမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ချေးငွေလုံလောက်ရန် ဆောင်ရွက်ခြင်း သို့မဟုတ် မြို့နယ်ကော်မတီများကပေးသွင်းထားသည့် သီးသန့်အပ်ငွေများကို အသုံးပြုလိုပါလျှင် သက်ဆိုင်ရာမြို့နယ်ကော်မတီနှင့်ညှိနှိုင်းဆောင်ရွက်ခြင်းပြုရမည်။

( ဂ ) မြို့နယ်ကော်မတီ၏သီးသန့်အပ်ငွေနှင့် လုံလောက်လျှင် သက်ဆိုင်ရာမြို့နယ်ကော်မတီက တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်း အချိန်မီ ချေးငွေများကို ထုတ်ချေးနိုင်ရန် ကြိုတင်၍လမ်းညွှန်ချက်များထုတ်ပြန်ပေးရမည်။



၁၁။ ပြည်နယ်ကော်မတီသည်-

(က) စိုက်ပျိုးရေးလုပ်ငန်းအပေါ်မူတည်၍ ချေးငွေပမာဏကို သတ်မှတ်ပေးရမည်။

( ခ ) တောင်သူလယ်သမားက စဉ်ဆက်မပြတ် စိုက်ပျိုးလုပ်ကိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းအတွက်ကိုသော်လည်းကောင်း၊ ရာသီအလိုက်လုပ်ကိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းအတွက်သော်လည်းကောင်း ချေးငွေရယူနိုင်ရန် နည်းလမ်းများချမှတ်ပေးရမည်။

( ဂ ) နှစ်ရှည်စိုက်ပျိုးသီးနှံ ချေးငွေသက်တမ်းကာလကို သတ်မှတ်ပေးရမည်။

၁၂။ ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားသည် စိုက်ပျိုးရေးစုငွေများကို မိမိအမြဲတမ်းနေထိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိလုပ်ငန်းအဖွဲ့ထံ စုငွေစာရင်းဖွင့်လှစ်၍ အပ်နှံနိုင်သည်။

၁၃။ လုပ်ငန်းအဖွဲ့သည် ပုဒ်မ ၁၂ အရ တောင်သူလယ်သမားများက အပ်နှံလာသည့်စုငွေများကို အပ်နှံသူအမည်ဖြင့် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ စုငွေစာရင်းမှတ်ပုံတင်ခြင်းပြုလုပ်၍ လက်ခံရရှိသည့် စုငွေများကို ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ မြို့နယ်ကော်မတီမှတစ်ဆင့် ဘဏ္ဍာရေးအဖွဲ့ထံသို့ လွှဲပြောင်းအပ်နှံရမည်။

၁၄။ ဘဏ္ဍာရေးအဖွဲ့သည် ပုဒ်မ ၁၃ အရ လွှဲပြောင်းအပ်နှံလာသည့် စုငွေများကို မြို့နယ်အလိုက်စာရင်းပြုစုပြီး ငွေစာရင်းကို သက်ဆိုင်ရာ မြို့နယ်ကော်မတီ၊ ခရိုင်ကော်မတီနှင့် ပြည်နယ်ကော်မတီသို့ပေးပို့၍ စုငွေများကို မြန်မာ့စီးပွားရေးဘဏ်ရှိ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးဆိုင်ရာ ချေးငွေ၊ စုငွေဘဏ်စာရင်းတွင် လွှဲပြောင်းအပ်နှံရမည်။

၁၅။ မြို့နယ်ကော်မတီသည် ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ အရ လွှဲပြောင်းအပ်နှံလာသည့် စုငွေနှင့်စုငွေစာရင်းအပါအဝင် သက်ဆိုင်ရာမြို့နယ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူပုဂ္ဂိုလ်ကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ လာရောက်အပ်နှံသည့် သီးသန့်အပ်ငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီလက်ခံ၍ မြို့နယ်စုငွေစာရင်းနှင့် အပ်ငွေစာရင်းကို သက်ဆိုင်ရာခရိုင်ကော်မတီသို့ အစီရင်ခံစာပေးပို့ပြီး အပ်ငွေများကို ဘဏ္ဍာရေးအဖွဲ့ထံသို့ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းနှင့် အညီ လွှဲပြောင်းအပ်နှံရမည်။

၁၆။ ဘဏ္ဍာရေးအဖွဲ့သည် ပုဒ်မ ၁၅ အရ လွှဲပြောင်းအပ်နှံလာသည့် အပ်ငွေများကို မြို့နယ်အလိုက်စာရင်းပြုစုပြီး ငွေစာရင်းကို သက်ဆိုင်ရာ ခရိုင်ကော်မတီနှင့် ပြည်နယ်ကော်မတီသို့ပေးပို့၍ အပ်ငွေများကို မြန်မာ့စီးပွားရေးဘဏ်ရှိ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေး ဆိုင်ရာချေးငွေနှင့်စုငွေ ငွေစာရင်းတွင် လွှဲပြောင်းအပ်နှံရမည်။



## အခန်း (၅)

## တောင်သူလယ်သမားများ၏အခွင့်အရေးနှင့်တာဝန်များ

၁၇။ ဤဥပဒေအရ စိုက်ပျိုးရေးစုငွေများကို စုဆောင်းသော တောင်သူလယ်သမားသည် အောက်ပါပြဋ္ဌာန်းချက်ပါ အခွင့်အရေးများ ကို ရရှိစေရမည်-

(က) မိမိ၏စုငွေအပေါ် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ အတိုးပေးငွေခံစားခွင့်နှင့် အကျိုးအမြတ်ခံစားခွင့်၊

(ခ) စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ချေးငွေ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ချေးယူခွင့်ရှိခြင်း၊

(ဂ) စုငွေများသည်အာမခံမှုရှိခြင်း၊

(ဃ) နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို မေးမြန်းပိုင်ခွင့်နှင့် သိရှိပိုင်ခွင့်၊

(င) ငွေစုစာရင်းအား သတ်မှတ်နည်းလမ်းများနှင့်အညီ လွှဲပြောင်းပိုင်ခွင့်နှင့်ကိုယ်စားလှယ်ဖြင့် ထုတ်ယူပိုင်ခွင့်၊

(စ) ချေးငွေအား စိုက်ပျိုးရေးလုပ်ငန်းအတွက် လွတ်လပ်စွာ သုံးစွဲစီမံဆောင်ရွက်ခွင့်။

၁၈။ ဤဥပဒေအရ စိုက်ပျိုးရေးစုငွေအား စုဆောင်းသည့် တောင်သူ လယ်သမားသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံရမည်-

(က) အသက် ၁၈ နှစ်ပြည့်ပြီး မြန်မာနိုင်ငံသားဖြစ်သူ၊

( ခ ) စိတ်ပေါ့သွပ်သူမဖြစ်ရ၊

( ဂ ) ကော်မတီမှချမှတ်ထားသည့် နည်းလမ်းများနှင့်အညီ စုငွေများကိုစုဆောင်းနိုင်သူ၊

(ဃ) ကယားပြည်နယ်အတွင်းနေထိုင်ပြီး အိမ်ထောင်စုစာရင်း လက်ဝယ်ရှိသူ။

၁၉။ ဤဥပဒေအရ စုငွေများကိုစုဆောင်းသည့် တောင်သူလယ်သမားသည် ဤဥပဒေနှင့်ဤဥပဒေအရ ထုတ်ပြန်ကြေညာသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၀။ ပုဒ်မ ၇ ပါ ချေးငွေလျှောက်ထားသူသည် အောက်ပါ သတ်မှတ်ချက်များနှင့်အညီ ပြည့်စုံရမည်-

(က) ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသူ၊

( ခ ) ကော်မတီမှ ချမှတ်ထားသည့် နည်းလမ်းများနှင့်အညီ ချေးငွေများကို ပြန်ဆပ်နိုင်သူ၊

( ဂ ) ဤဥပဒေအရ ငွေစုဆောင်းသူ သို့မဟုတ် ၎င်း၏ အိမ်ထောင်စုကိုယ်စားလှယ်ဖြစ်သူ၊



(ဃ) တောင်သူလယ်သမား အိမ်ထောင်စု တစ်စုတည်း ဖြစ်လျှင် အိမ်ထောင်စုပြင်ပအနည်းဆုံးအာမခံသူ (၃)ဦး ရှိသူ သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ခွင့်လက်ဝယ်ရှိပြီး ယင်း ပိုင်ဆိုင်မှုအထောက်အထားအား အာမခံတင်သွင်းနိုင်သူ၊

( င ) တောင်သူလယ်သမားအိမ်ထောင်စုအဖွဲ့လိုက်ဖြစ်လျှင်-

(၁) ယင်းအဖွဲ့တွင်ပါဝင်သည့် အိမ်ထောင်စုများ၊

(၂) အချင်းချင်းအပြန်အလှန် တာဝန်ခံနိုင်ကြောင်း အာမခံချက်။

( စ ) ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းဖြစ်လျှင် ပြည်နယ် ကော်မတီမှထုတ်ပြန်ထားသည့် လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ ချေးငွေသည် အိမ်ထောင်စုတစ်စုလျှင် တစ်ဦးသာ ချေးယူခွင့် ရှိသည်။

၂၂။ နှစ်ရှည်စိုက်ပျိုးသီးနှံအတွက် သတ်မှတ်ကာလအတွင်း ချေးယူ သည့်ချေးငွေအပေါ် အတိုးပေးသွင်းပြီး တစ်နှစ်တစ်ကြိမ် သက်တမ်း တိုးရမည်။

၂၃။ ချေးငွေအား ချေးယူသည့် တောင်သူလယ်သမားသည်-

(က) စုငွေစာရင်းကြိုတင်ဖွင့်လှစ်ထားခြင်းမရှိလျှင် ချေးယူသည့်နေ့တွင် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ စုငွေစာရင်းဖွင့်လှစ်ရမည်။

(ခ) သတ်မှတ်ကာလအတွင်း အတိုးပေးသွင်းခြင်းနှင့်အရင်းဆပ်ခြင်းများပြုရမည်။

(ဂ) ချေးငွေအား စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းတွင်သာ အသုံးပြုရမည်။

(ဃ) ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၄။ (က) စုငွေစုဆောင်းသည့် တောင်သူလယ်သမားသေဆုံးလျှင် ကျန်ရှိမိသားစုဝင် သို့မဟုတ် တရားဝင်အမွေဆက်ခံခွင့်ရှိသူမှ တည်ဆဲဥပဒေနှင့်အညီ ယင်းစုငွေနှင့်ခံစားခွင့်ရှိသည့် အကျိုးအမြတ်အား ဆက်လက်ခံစားပိုင်ခွင့်ရှိသည်။

(ခ) ချေးငွေရယူသည့် တောင်သူလယ်သမားသေဆုံးလျှင် အပ်ရန်၊ ဆပ်ရန်ကျန်ရှိသည့်ငွေအား ကျန်ရှိမိသားစုဝင် သို့မဟုတ် တရားဝင်အမွေဆက်ခံခွင့်ရှိသူမှ ဆက်လက်တာဝန်ခံရမည်။



၂၅။ ပြည်နယ်ကော်မတီသည် ငွေအတိုးနှုန်းနှင့် မိမိ၏စုငွေအပေါ် ခံစားခွင့်ရှိသည့် တောင်သူလယ်သမားများ၏ အမြတ်ငွေပမာဏအား ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာပေးရမည်။

၂၆။ ချေးငွေရယူသူတိုင်းသည် ချေးယူသည့်နေ့မှစ၍ တစ်နှစ်အတွင်း သတ်မှတ်နည်းလမ်းနှင့်အညီ အရင်းနှင့်အတိုး ပြန်ဆပ်ရမည်။

၂၇။ ငွေချေးယူသူသည် သတ်မှတ်ကာလအတွင်း မမျှော်မှန်းနိုင်သောဖြစ်ရပ် သို့မဟုတ် မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် အမှန်တကယ်စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးခဲ့ကြောင်းထင်ရှားပါက သတ်မှတ်သောအတိုးကို ပေးသွင်းပြီးကြောင်းမှန်ကန်လျှင် ငွေချေးငှားသည့်သက်တမ်းကို တိုးမြှင့်နိုင်သည်။ သို့ရာတွင် ချေးငွေနှင့်ကျသင့်သောအတိုးကို တစ်ဆက်တည်း သုံးနှစ်သက်တမ်းမကျော်လွန်စေဘဲ ပြန်လည်ပေးဆပ်ရမည်။

၂၈။ ပြည်နယ်ကော်မတီသည် စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့်စုငွေလုပ်ငန်းမှရရှိသည့်အမြတ်ငွေကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) စုငွေစုဆောင်းသည့် တောင်သူလယ်သမား သို့မဟုတ် သီးသန့်အပ်ငွေအပ်နှံသူတို့အား သတ်မှတ်နှုန်းထားနှင့်အညီ အတိုးငွေခွဲဝေခြင်း၊

(ခ) ကော်မတီ၊ လုပ်ငန်းအဖွဲ့များနှင့် လုပ်ငန်းဝန်ထမ်းတို့အတွက် ချီးမြှင့်ငွေနှင့်ထောက်ပံ့ငွေအဖြစ်သုံးစွဲခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ)တို့ပါကိစ္စရပ်များအတွက် သုံးစွဲပြီး ကျန်ငွေပမာဏအား ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ မတည်ငွေသို့ ပြန်လည်အပ်နှံခြင်း၊

(ဃ) ကော်မတီနှင့် လုပ်ငန်းအဖွဲ့အသီးသီးရှိ တောင်သူလယ်သမားများ၏လူမှုရေးရန်ပုံငွေသို့ အချိုးကျခွဲဝေခြင်း။

## အခန်း (၆)

## ချေးငွေ၊ စငွေနှင့်စပ်လျဉ်း၍ အငြင်းပွားခြင်းနှင့်ဖြေရှင်းခြင်း

၂၉။ ချေးငွေ၊ စငွေနှင့်စပ်လျဉ်း၍အငြင်းပွားမှု ပေါ်ပေါက်ပါက နစ်နာသူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်၍ဖြစ်စေ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ထံသို့စတင်၍ လျှောက်ထားတိုင်ကြားနိုင်သည်။

၃၀။ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် ပုဒ်မ ၂၉ ပါ လျှောက်ထားတိုင်ကြားမှုကို လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ယင်းလျှောက်ထားတိုင်ကြားမှုအား မှတ်ပုံတင်စာရင်းသွင်းရမည်။

၃၁။ ပုဒ်မ ၃၀ အရ လျှောက်ထားတိုင်ကြားမှုအား မှတ်ပုံတင်စာရင်းသွင်းသည့်နေ့မှစ၍ တစ်ဆယ့်ငါးရက်အတွင်း နှစ်ဖက်အငြင်းပွားသူများအားခေါ်ယူ၍ ကြားနာခြင်း၊ စစ်ဆေးခြင်းနှင့်အဆုံးအဖြတ်ပေးခြင်းများ ပြုရမည်။



၃၂။ ပုဒ်မ ၃၁ အရ ဆုံးဖြတ်ချက်များအား ကျေနပ်မှုမရှိသူသည် သတ်မှတ်နည်းလမ်းနှင့်အညီ အောက်ပါအတိုင်း အဆင့်ဆင့်အယူခံခွင့်ရှိစေရမည်-

(က) လုပ်ငန်းအဖွဲ့၏ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်ကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ခ) မြို့နယ်ကော်မတီသည် လုပ်ငန်းအဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ)အရ မြို့နယ်ကော်မတီက ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း သက်ဆိုင်ရာ ခရိုင်ကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ဃ) ခရိုင်ကော်မတီသည် မြို့နယ်ကော်မတီက ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

( င ) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဃ)အရ ခရိုင်ကော်မတီကချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း သက်ဆိုင်ရာ ပြည်နယ်ကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

( စ ) ပြည်နယ်ကော်မတီသည် ခရိုင်ကော်မတီက ချမှတ်သည့်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၃။ ချေးငွေ၊ စုငွေနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ပြည်နယ်ကော်မတီ၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၇)

## ပြည်နယ်စိုက်ပျိုးရေးရန်ပုံငွေ သို့မဟုတ် ဘဏ္ဍာရေး

၃၄။ ပြည်နယ်အစိုးရအဖွဲ့သည်-

(က) ပြည်နယ်စိုက်ပျိုးရေးအတွက် လိုအပ်သည့် ငွေကြေး အရင်းအမြစ်များကို ကူညီရှာဖွေပေးရမည်။ ပြည်နယ် စိုက်ပျိုးရေးဆိုင်ရာ ကနဦးမတည်ငွေအား မတည် ပေးရမည်။



( ခ ) ပြည်နယ်စိုက်ပျိုးရေးဆိုင်ရာ ရန်ပုံငွေအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ သီးသန့်လျာထားခြင်း သို့မဟုတ် ထုတ်ချေးခြင်းများပြုရမည်။

( ဂ ) ပြည်နယ်စိုက်ပျိုးရေးဆိုင်ရာရန်ပုံငွေအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ချေးနိုင်မည့် ငွေပမာဏအား ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် ရယူဆောင်ရွက်ရမည်။ ထုတ်ချေးမည့် ချေးငွေပမာဏ လုံလောက်မှုမရှိပါက ပြည်နယ်လွှတ်တော်၏သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ ငွေချေးယူနိုင်သည်။

(ဃ) ပြည်နယ်စိုက်ပျိုးရေး ရန်ပုံငွေမှ အမြတ်ရငွေအား ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၃၅။ ပြည်နယ်ကော်မတီသည် မတည်ငွေ သို့မဟုတ် ရန်ပုံငွေရရှိရန်အတွက် တရားဝင်ခွင့်ပြုထားသော ပုဂ္ဂလိကငွေကြေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ပုဂ္ဂလိကများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။

၃၆။ ပြည်နယ်ကော်မတီသည် ပြည်ပမှဖြစ်စေ၊ ပြည်တွင်းမှဖြစ်စေ ငွေကြေးအဖွဲ့အစည်းထံမှ မတည်ငွေ သို့မဟုတ် ချေးငွေ သို့မဟုတ် ရင်းနှီးမြှုပ်နှံငွေ သို့မဟုတ် ထောက်ပံ့လှူဒါန်းငွေကို လက်ခံရယူပါက တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးမှသာလျှင် ရယူရမည်။

၃၇။ မြို့နယ်ကော်မတီသည် ဒေသတွင်းငွေအပ်သူ သို့မဟုတ် အသေးစားရင်းနှီးမြှုပ်နှံသူများထံမှ ပြည်နယ်ကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ မြို့နယ်အတွက် ငွေလက်ခံခြင်းနှင့်စီမံခန့်ခွဲခြင်းများပြုနိုင်သည်။

၃၈။ (က) သက်ဆိုင်ရာကော်မတီသည် ငွေကြေးလာရောက်ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ငွေအပ်နှံသူများကို သတ်မှတ်နည်းလမ်းနှင့်အညီ စိစစ်၍လက်ခံရမည်။

(ခ) လုပ်ငန်းအဖွဲ့သည် တောင်သူလယ်သမားများမှ လာရောက်စုဆောင်းသည့် စုငွေများကို သတ်မှတ်နည်းလမ်းနှင့်အညီ လက်ခံခြင်း၊ လွှဲပြောင်းအပ်နှံခြင်းများပြုရမည်။

၃၉။ (က) ဤဥပဒေနှင့်အညီရရှိလာသည့် ငွေကြေးများအား တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးဆိုင်ရာချေးငွေနှင့်စုငွေအမည်ဖြင့် ငွေစာရင်းဖွင့်လှစ်၍ မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံရမည်။

(ခ) ပြည်နယ်ကော်မတီသည် ဤဥပဒေအရ ငွေကြေးစီးဆင်းမှုကို တတ်နိုင်သမျှဘဏ်စနစ်ဖြင့် စီမံဆောင်ရွက်ရမည်။



၄၀။ ပြည်နယ်ကော်မတီသည် ငွေကြေးများကို စနစ်တကျ လည်ပတ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးချေးငွေ၊ စုငွေဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့ကို သင့်လျော်သည့်လူဦးရေသတ်မှတ်၍ ဘဏ္ဍာရေးဆိုင်ရာကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းရမည်။

**လုပ်ငန်းတာဝန်**

၄၁။ ဘဏ္ဍာရေးအဖွဲ့သည်-

(က) ငွေကြေးများအား စနစ်တကျထိန်းသိမ်းခြင်း၊

(ခ) နှစ်စဉ်ချေးငွေ၊ စုငွေ၊ သီးသန့်အပ်ငွေနှင့်ငွေကြေးဆိုင်ရာစာရင်းပြုစုထားရှိခြင်း၊

(ဂ) ပြည်နယ်ကော်မတီ၏ နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေစာရင်းအား ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဃ) ရုံးဖွင့်ရက်သာလျှင် စုငွေများလက်ခံခြင်းနှင့် ချေးငွေထုတ်ပေးခြင်း၊

(င) လက်ခံရရှိသည့် ငွေကြေးများကို သတ်မှတ်နည်းလမ်းနှင့်အညီ မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံရမည်၊

(စ) လစဉ်ငွေစာရင်းရှင်းတမ်းများ ပြုလုပ်ခြင်း၊ လစဉ်ငွေစာရင်းများကိုအခြေခံ၍ နှစ်ချုပ်ဝင်ငွေနှင့် အသုံးစရိတ်စာရင်းရေးဆွဲခြင်း၊ ဘဏ္ဍာနှစ်ကုန်ဆုံးသည့်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း ရေးဆွဲခြင်းနှင့် အစီရင်ခံခြင်း။

၄၂။ ဘဏ္ဍာရေးအဖွဲ့သည် ပြည်နယ်ကော်မတီ၏ ခွင့်ပြုချက်ပါမှသာလျှင် ငွေထုတ်ခြင်းများပြုရမည်။

၄၃။ ဘဏ္ဍာရေးအဖွဲ့သည် ပြည်နယ်ကော်မတီအား ဘဏ္ဍာရေးဆိုင်ရာကိစ္စနှင့်ပတ်သက်၍ အကြံပြုနိုင်သည်။

## အခန်း (၈)

## အာမခံခြင်းနှင့်တာဝန်ခံခြင်း

၄၄။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေအရ ရရှိလာသည့်ငွေကြေးများအပေါ် တာဝန်ခံပေးရမည်။

(ခ) ပြည်နယ်၏စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့် စုငွေလုပ်ငန်းစဉ်တစ်ခုလုံးအား ကော်မတီအဆင့်ဆင့်မှ တာဝန်ယူ၊ တာဝန်ခံရမည်။

၄၅။ (က) ချေးငွေချေးယူသည့် တောင်သူလယ်သမားသည်-

(၁) တစ်ဦးချင်းဖြစ်လျှင် ၎င်းချေးယူမှုကို အာမခံပေးသူ (၃)ဦးမှ ယင်းချေးငွေအပေါ် တာဝန်ခံရမည်။



(၂) အဖွဲ့လိုက်ဖြစ်လျှင် ယင်းအဖွဲ့တွင်ပါဝင်သည့် အိမ်ထောင်စုဝင်များကအချင်းချင်းအပြန်အလှန် တာဝန်ခံရမည်။

(ခ) ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းဖြစ်လျှင်ယင်းချေးယူမှုကို အာမခံရယူထားသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၆။ မည်သူမျှ-

(က) ဤဥပဒေအရ ပြည်နယ်ကော်မတီက သတ်မှတ်သည့် ကာလအတွင်းမဟုတ်ဘဲ ချေးငွေရယူခြင်းမပြုရ၊

(ခ) ငွေစုသူ၏ခွင့်ပြုချက်မရရှိဘဲ ၎င်းစုငွေ၏အကျိုးအမြတ်သော်လည်းကောင်း၊ ချေးငွေကိုသော်လည်းကောင်း ထုတ်ယူခြင်းမပြုရ၊

(ဂ) ဤဥပဒေအရ ရရှိသည့်ချေးငွေအား စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းမှအပ အသုံးမပြုရ၊

(ဃ) ဤဥပဒေအရရရှိသည့်ချေးငွေအားဥပဒေနှင့်မလွတ်ကင်းသောလုပ်ငန်းများတွင် အသုံးမပြုရ၊

( င ) ဤဥပဒေနှင့်အညီထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဖောက်ဖျက်ခြင်းမပြုရ၊

( စ ) တောင်သူလယ်သမား၏ ချေးငွေနှင့်စုငွေဆိုင်ရာ အခွင့်အရေးကို မပိတ်ပင်ရ၊

(ဆ) ချေးငွေနှင့်အတိုးငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခြင်းမပြုရ။

၄၇။ ကော်မတီသည် ပုဒ်မ ၄၆ ပါ တားမြစ်ချက်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ဖောက်ဖျက်ကျူးလွန်သူ မည်သူမဆို အောက်ပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်သည်-

(က) ပြင်းထန်စွာသတိပေးခြင်း၊

( ခ ) ချေးငွေများပြန်လည်ဆပ်နိုင်စေရန် နည်းလမ်းချမှတ်ပေးခြင်း၊

( ဂ ) ချေးယူခွင့်ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ချေးယူခွင့်ပိတ်ပင်ခြင်း၊

(ဃ) ကော်မတီဝင်ဖြစ်လျှင် ကော်မတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း၊

( င ) ချေးငွေနှင့်စုငွေအား စာရင်းရှင်းလင်း၍ ငွေစုသူစာရင်းမှ ထုတ်ပယ်ခြင်း၊

( စ ) သတ်မှတ်သည့်ဒဏ်ကြေးငွေပေးဆောင်စေခြင်း။



## အခန်း (၁၀)

## ပြစ်မှု၊ ပြစ်ဒဏ်

၄၈။ မည်သူမဆို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်းအား လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၁၁)

## စာရင်းစစ်ဆေးခြင်း

၄၉။ ပြည်နယ်ကော်မတီသည်-

(က) စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့်စုငွေ ကော်မတီအဆင့်ဆင့်၏စာရင်းများကို ခြောက်လလျှင် အနည်းဆုံး တစ်ကြိမ်စစ်ဆေးရမည်။

( ခ ) ထိုသို့စစ်ဆေးရာတွင် ပြည်နယ်ကော်မတီမှ တာဝန်ပေးအပ်သောစာရင်းစစ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူဖြင့်ဖြစ်စေ စာရင်းများကိုစစ်ဆေးရမည်။

( ဂ ) ကော်မတီအဆင့်ဆင့်နှင့် လုပ်ငန်းအဖွဲ့များကို စာရင်းစစ်ဆေးရန် လိုအပ်သည့်အချိန်ကာလနှင့်နည်းလမ်းကို သတ်မှတ်ပေးခြင်းပြုရမည်။

၅၀။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကော်မတီ၏ နှစ်ချုပ်ဝင်ငွေနှင့်အသုံးစရိတ်စာရင်းနှင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းများအား ပြည်နယ်စာရင်းစစ်ချုပ်ထံသို့ စာရင်းစစ်ဆေးမှုခံယူနိုင်ရန် ပေးပို့ညှိနှိုင်းအကြောင်းကြား ဆောင်ရွက်ရမည်။

၅၁။ ပြည်နယ်ကော်မတီသည် စိုက်ပျိုးရေးဆိုင်ရာ ချေးငွေ၊ စုငွေနှင့် စပ်လျဉ်း၍ စာရင်းစစ်ဆေးအတည်ပြုချက်များကို သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သို့ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းပေးရမည်။

## အခန်း (၁၂)

## အထွေထွေ

၅၂။ ဤဥပဒေသည်-

(က) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ မသက်ဆိုင်စေရ၊

(ခ) စုငွေစုဆောင်းခြင်းနှင့် ချေးငွေရယူရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရှိခြင်း၊ မရှိခြင်းနှင့် မသက်ဆိုင်စေရ၊

(ဂ) မွေးမြူရေးလုပ်ငန်းနှင့်မသက်ဆိုင်စေရ။

၅၃။ ကော်မတီဝင်၊ လုပ်ငန်းအဖွဲ့ဝင်၊ ဘဏ္ဍာရေးအဖွဲ့ဝင်နှင့် လုပ်ငန်းဝန်ထမ်းများသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ချီးမြှင့်ငွေနှင့် ထောက်ပံ့ငွေများခံစားခွင့်ရှိသည်။



၅၄။ ပြည်နယ်ကော်မတီသည် ဤဥပဒေပါအတိုင်း ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကော်မတီများ၊ အဖွဲ့များအတွက် ရုံးအသုံးစရိတ်သတ်မှတ်ပေးခြင်း၊ လုပ်ငန်းဝန်ထမ်းများခန့်အပ်ခြင်း သို့မဟုတ် ခန့်အပ်ရန်ခွင့်ပြုပေးခြင်းများပြုနိုင်သည်။

၅၅။ ကော်မတီသည် ချေးငွေနှင့်အတိုးငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၅၆။ ပြည်နယ်ကော်မတီသည် ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များနှင့်လုပ်ငန်းဝန်ထမ်းများအတွက် အခါအားလျော်စွာ စွမ်းရည်မြှင့်တင်ရေးသင်တန်းများပြုလုပ်ပေးရမည်။

၅၇။ ကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ဘဏ္ဍာရေးအဖွဲ့ဝင်များနှင့် လုပ်ငန်းဝန်ထမ်းများ၏ ငွေကြေးစာရင်းဇယားများ မှားယွင်းမှုသည် ကြံရွယ်ချက်မရှိကြောင်း စိစစ်တွေ့ရှိလျှင် တည်ဆဲဥပဒေအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ရှိမည်။ သို့သော် ငွေကြေးဆုံးရှုံးမှုနှင့် ရာဇဝတ်မကင်းသော ဆောင်ရွက်ချက်များရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ခြင်းခံရမည်။

၅၈။ တောင်သူလယ်သမား၊ သီးသန့်အပ်ငွေအပ်နှံသူ၊ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် အဖွဲ့အစည်းသည် မိမိ၏စုငွေ သို့မဟုတ် အရင်းငွေနှင့် အမြတ်ငွေများကို အနည်းဆုံးတစ်နှစ်လျှင်တစ်ကြိမ် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ပြန်လည်ထုတ်ယူနိုင်သည်။

၅၉။ ကော်မတီများနှင့် လုပ်ငန်းအဖွဲ့သည် အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုကိုအကြောင်းပြု၍ စုငွေလက်ခံခြင်း၊ ချေးငွေထုတ်ပေးခြင်းနှင့် လုပ်ငန်းဝန်ထမ်းခန့်အပ်ခြင်းများ မပြုလုပ်ရ။

၆၀။ ပြည်နယ်ကော်မတီသည် သီးနှံအလိုက် စိုက်ပျိုးမြေတစ်ဧကအတွက် ထုတ်ချေးရန်သင့်လျော်သည့် ချေးငွေပမာဏကို ဦးစီးဌာန၏ သဘောထားကြိုတင်ရယူနိုင်သည်။

၆၁။ ကော်မတီနှင့်လုပ်ငန်းအဖွဲ့အသီးသီးတွင် တောင်သူလယ်သမားများ၏ လူမှုရေးရန်ပုံငွေသီးသန့်ထားရှိရမည်။

၆၂။ ဝန်ကြီးဌာနသည် ဤဥပဒေအရဆောင်ရွက်သည့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ချေးငွေနှင့်စုငွေစာရင်းများ၊ လုပ်ငန်းစဉ်အဆင့်ဆင့်များကို ထိန်းသိမ်းခြင်း၊ မှတ်တမ်းတင်ခြင်းများနှင့် ဆောင်ရွက်ချက်များကို ပြည်နယ်ကော်မတီအသစ်သို့ လွှဲပြောင်းခြင်းများပြုရမည်။

၆၃။ (က) ဝန်ကြီးဌာနသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်နယ်ကော်မတီသည် လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) အယ်လ်ဖောင်းရှို

ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့